ebook is created by ***www.ShanYoma.Org***

# အသက်ကြီး ဆင်စီး

သုံးဆယ်ထိငှု်တင်မြင့်

ebook is created by www.ShweYoma.Org

အသက်ကြီး ဆင်စီး

မှိုင်းတမှိုမှို၊ ဆိုင်းစိုစိုနှင့်ညို့တဝိုက်မှောင်၊ တောင်ခြေဆိုင်းဆိုင်း၊ မြူခိုးတွေဝိုင်းလျက်၊ ရှုတိုင်းပြာသည့်အလယ်ပဲခူးရိုးမတောင်မြေတွင် ကုက္ကိုပင်အုပ်အုပ်ကြီးကို အဝေးကလှမ်းမြင်နိုင်သော ရှမ်းရွာကြီး၊ အိမ်ခြေတစ်ရာနီးပါးခန့်ရှိသည်။ တစ်ခါက ဆရာစံအရေးတော်ပုံတွင် နာမည်ကြီးခဲ့သည့်ဆရာစံတော်လှန်ရေးခေါင်းဆောင် ရှမ်းဗိုလ်ဝိုင်း၏ဇာတိမြေ မရမ်းအင်းရှမ်းရွာကြီးပင် ဖြစ်သည်။

ရာသီသမယ နွေဦးစမို့ သဘာဝမှာ လှလွန်းလှသည်။ ရွာပတ်ဝန်းကျင်တွင် တောင်အထပ်ထပ်၊ မြောင်အထိုထို၊ လျှိုအလီလီနှင့်ရွာနံဘေးတွင် ပဲခူးရိုးမမှခြေဆင်းလာသော သာယာကြည်လှဲ့ ရေကြည်သွဲ့နေသော သုံးဆယ်ချောင်းက ရစ်ပတ်ခွေလျက်ရှိသည်။ ချောင်းသောင်ထဲတွင် စိမ်းလဲ့လဲ့ ရှမ်းယာဝင်း–ခုံများ ကိုင်းများမှာ ရှုမငြီး။ ချောင်းကမ်းပါးကြီးများလည်း ကျောက်ထရံကြီးများသဖွယ် ဖြူ၊ နီ၊ ပြာ၊ ဝါ ရောင်စုံမွှမ်းထားသောမြေသားရွှံ့ကမ်းပါးကြီးများ လှလိုက်ပါဘိ။

ရှမ်းရွာ၏သဘာဝပန်းချီကားကို ကြည့်ရှုခံစားယင်း ကျွန်တော် ရွာဦးသို့ဝင်ရောက်သွားသည်။ ရွာတွင်းလမ်းလည်း ယခင်ကလို အုတ်လမ်း မဟုတ်တော့။ မြေလမ်းဖြစ်နေသည်။ သိဟောင်းကျွမ်းဟောင်းများထံ ဝင်ရောက်ရန် အာရုံထား၍ လာခဲ့ရာ–

"ဟေ့ အစိုင်း။ တေကွာလှိုင်–မား"ဟု ရှမ်းဘာသာဖြင့် လှမ်းခေါ်သံကြားလိုက်မိပါသည်။ မြန်မာလိုတော့ "ဟေ့…သူငယ်လေး၊ ဘယ်သွားမလို့လဲ…လာလေ"ဟုဖြစ်ပါသည်။ အသံလာရာသို့ လှည့်ကြည့်လိုက်ရာ နက်ဆန်ဦးသုမနကြီးကို တွေ့ရပါသည်။ ရှမ်းလိုတော့ နက်ဆန်ဆိုသည်မှာ ဦးလေးဖြစ်ပါသည်။ ကျွန်တော့်အရွယ်ကို အစိုင်း ခေါ်စရာမဟုတ်သော်လည်း ငယ်ကျွမ်းပေါင်းသင်းများ ဖြစ်သောကြောင့် အစိုင်းဟုခေါ်လိုက်ခြင်း ဖြစ်သည်။ ဝမ်းသာအားရနှင့်အိမ်ရှေ့ဝင်သွားလိုက်ပါသည်။

နက်ဆန်တို့အိမ်သည် တစ်ထပ်လေးပင် ဖြစ်ပါသည်။ ရှမ်းထုံးစံအတိုင်း ဘုရားဆောင်မှာ သီးသန့်အိမ်ခေါင်ရင်းဘက်၌ ရှိပါသည်။ ဘုရားဆောင်တွင် ယာထဲခုံထဲမှထွက်သမျှ ဦးစားဖျားစား သီးနှံမျိုးစုံကို သုံးချောင်းထောက် ကျောက်ကာဗန်းဖြင့် ဘုရားအားလှူဒါန်းထားသည်ကို မြင်ရသည်။ ကြည်နူးလေးစား မြတ်နိုးစရာ ရှမ်းဗုဒ္ဓဘာသာတို့ဓလေ့ပင်။

"အနိုင်း…နေကောင်းရဲ့လား၊ ဘူနိုင်းတေကွာလိုင်" ကျွန်တော်က အိမ်ရှေ့ဆင့်တွင် ကွမ်းသီးညှပ်၍ ကွမ်းယာနေသောအဘွားအိုဒေါ်အောင်ကို လှမ်း၍ နှုတ်ဆက်လိုက်ပါသည်။ ကျွန်တော်က မြန်မာတစ်ဝက် ရှမ်းတစ်ဝက်စကားဖြင့် မေးခြင်းဖြစ်ပါသည်။

"ဟေး…အစိုင်း၊ မားလဲ× နန်ကော့× ကျင်နန့်မနေ့"

အဘွားကြီးသည် အံ့သြဝမ်းသာစွာဖြင့် ကျွန်တော့်ကို ဖိတ်ခေါ်ပါသည်။ မတွေ့ရသည်

ebook is created by www.ShanYoma.Org

မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခန့် ဖြစ်သွားသောကြောင့်တည်း။

ကျွန်တော့်ကို ဟော့ကောင်လေး...၊ လာဟဲ့...ထိုင်၊ လက်ဖက်ရည်သောက်ပါ ဖြစ်ပါသည်။ သူ့အနားတွင် နီးကရွတ်ခွေနှင့်မြေခရားအိုးနှင့်ပန်းကန်ထဲတွင် ကြံသကာနှင့်မြေပဲနှင့်။ အနိုင်း၏ကြေးကွမ်းအစ်မှာ ဖိတ်ဖိတ်တောက် ပြောင်လက်လျက်။ မြင်ရုံနှင့်ကွမ်းစားချင်စရာ။ ကွမ်းသီးကို တချပ်ချပ်ညှပ်၍ ပါးစပ်ထဲသို့ပစ်သွင်းလိုက်နှင့် စကားပြောလိုက်နှင့် အနိုင်းကို ကြည့်ရသည်မှာ ရှမ်းတို့ဘာသာ ချစ်စရာတည်း။ ကျွန်တော် အနိုင်းအနားမှ နေရထိုင်ဖျာကလေးအပေါ်၌ ထိုင်လိုက်ပါသည်။

"ဘူနိုင်း...တေကွာလိုင်...ကောက်ယူလီဟ"

အနိုင်းကို ထပ်မေးပါသည်။ အနိုင်းက ကွမ်းသွေးကို ထွေးလိုက်ပြီး လက်ညှိုးညွှန်ပြပါသည်။ ကျွန်တော်က အနိုင်း၏အဘိုးကြီးကို မေးခြင်းပါ။ အဘိုး ဘယ်သွားလဲ× နေကောင်းရဲ့လားပင် ဖြစ်ပါသည်။ အနိုင်း ညွှန်ရာသို့ လှမ်းကြည့်လိုက်ရာ ဘူနိုင်းအဘိုးဦးဒေဝိန်ကို ခေါင်းရင်းမြေကွက်ပြောင်ပြောင်တွင် သံဆုံတစ်ခုနှင့်ထောင်းနေသည်ကို တွေ့ရသည်။ ကျွန်တော်သည် အနိုင်း၏ကွမ်းအစ်ထဲမှ ကွမ်းတစ်ယာ ဆွဲယာစားပြီး ဘူနိုင်းဦးဒေဝိန်ဆီသို့သွားပါသည်။

ဘူနိုင်းဦးဒေဝိန်လည်း ကျွန်တော့်ကို မြင်သောအခါ ရွှင်ပြုံးသောမျက်နှာဖြင့် ဝမ်းသာအားရ ဖြစ်ပါသည်။ "နန်ကော့"ဟု(ထိုင်ကွာ)ပြော၍ သံဆုံထဲတွင် တဒေါင်ဒေါင်နှင့် ဆက်၍ဆေးထောင်းနေပါသည်။ သူ၏နံဘေး ဖျာပေါ်တွင် နွယ်စိုတွေ၊ နွယ်ခြောက်တွေလှီးပြီး နေလှန်းထားသော အချပ်ကလေးတွေ၊ ယွန်းခွက်ထဲတွင် ထောင်းပြီးဆေးမှုန့်တွေကို စိတ်ဝင်စားဖွယ် မြင်နေပါသည်။ ပျားရည်ပုလင်းလည်း ရှိသည်။ ဆေးလုံးအနက်ကလေးများလည်း ဖန်ဗူးထဲ၌ တွေ့ရသည်။ ဆေးမြစ်ဖြူဖြူ အဆစ်အဖုများလည်း ပါသည်။ စုံတကာစေ့နေပါတော့သည်။

"ဘူနိုင်း...ဘာတွေ ထောင်းနေတာလဲ၊ အစိုင်းကို ပြောပြပါလား"

ကျွန်တော်က ရှမ်းအဘိုးကြီးလုပ်ငန်းကို သိချင်ဇောဖြင့် မေးသည်။

"အစိုင်း...ဒါ...အသက်ရှည်ဆေး၊ မသေဆေးထောင်းနေတာ၊ ဘူနိုင်းတို့ရှမ်းတွေမှာ ဒီဆေးဟာ ရသာယနဆေးတဲ့၊ အာယုဒီဃဆေးပေါ့ကွာ၊ တို့...ဒါနဲ့ ကျန်းမာအသက်ရှည်နေတာ"

ဘူနိုင်းက ဆေးထောင်းယင်း ပြောပါသည်။

"ဘာဆိုတာလဲ ပြောဦးမှပေါ့ ဘူနိုင်းကလဲ၊ ကျွန်တော့်ကို ဘူနိုင်း သိတာတွေ အကုန်ပြောပြပါနော်"

"အေး...အစိုင်းသိချင်ယင် ဘူနိုင်း ပြောပြမယ်၊ နားထောင်"

ရှမ်းအဘိုးကြီးသည် ကွမ်းဝါးယင်း ဆေးထောင်းယင်း ပြောပါသည်။

ebook is created by www.ShweYoma.Org

"အေး…ဘူနိုင်း၊ အခုနားထောင်နေတာဟာ ဆင်တုံးမနွယ်ဆေးခေါ်တယ်။ အစိုင်း နံဘေးနားက အနွယ်တွေဟာ ဆင်တုံးမနွယ်တွေပဲ။ အမြစ်မဟုတ်ဘူးကွ၊ အနွယ်။ ဆေးကျမ်း အချို့မှာတော့ ဆင်သမနွယ်တဲ့။ ကေစိဆရာတို့က မိန့်ကြတယ်။ ဒီအပင်နွယ်က အခြားအပင် တွေထက် ထူးဆန်းတာ တစ်ခုတော့ရှိတယ်။ မြေကြီးအစိုရှိယင် ရှင်သန်နေတတ်တယ်။ ပြီးတော့ အမြစ်မြေထဲမှာ မသွားလဲပဲ မြေစိုစို ရေစိုစိုနဲ့ထိနေရုံမျှနှင့် အညွှန့်အတက်များထွက် ပြီးတော့ နီးရာအပင်ကို နွယ်ပတ်ရစ်နေတတ်တယ်။ ဆင်းတုံးမနွယ်အလုံးကို ကြည့်ယင် ဆင်၏အရေလိုပဲ အဖု အလုံး အဖြုတ်ကလေးများနှင့်ပြည့်နှက်နေတယ်။ ခပ်ကြမ်းကြမ်းက လေးပဲ။ အရောင်ကတော့ စိမ်းညိုညိုပဲ။ ဆင်တုံးမနွယ်မှာ ရွက်ကြီးရွယ်သေး နှစ်မျိုးရှိတယ်။ ဆင်နားရွက်လို ရွက်ကြီးမျိုးက ပိုကောင်းတယ်။ နှစ်မျိုးလုံးကတော့ ဆေးစွမ်းထက်တာချည်းပဲ။ ဟော…ဟိုမှာကြည့်ပါလား…"

ရှမ်းအဘိုးကြီး ညွှန်လိုက်သဖြင့် ကျွန်တော့်ရှေ့တွင် ရှိသော လက်ညှိုးတစ်လက်မ ခန့် ဆင်တုံးမနွယ်များကို ကိုင်ကြည့်နေမိသည်။

"ဟုတ်ပါတယ်…ဘူနိုင်း"

ကျွန်တော်က ဝန်ခံသည်။

"ပြီးတော့ ဆင်တုံးမနွယ်က အသက်ပြင်းတယ်။ အသက်လဲ ရှည်တယ်။ ရေစိုစို အစိုဓာတ်ရှိယင် ပြီးတာပဲ။ ရေစို မရှိလို့ ခြောက်နေတောင် တော်တော်နဲ့မသေဘူး။ သိပ် အသက်ပြင်းတယ်။ ဆင်သတ္တဝါဟာ အသက်ရှည်တယ်။ ကျန်းမာတယ်။ လူ့သက်တမ်းနဲ့အ တူတူပဲ။ အချို့က ဆင်ဟာ လူ့သက်တမ်းထက် ပိုရှည်သေးတယ်လို့တောင် ဆိုကြတယ် အစိုင်း"

"ဟုတ်ကဲ့…ဘူနိုင်းရယ် ဆက်ပြီးတော့ အမိန့်ရှိပါဦး"

ကျွန်တော်က ဆင်တုံးမနွယ်အတုံးများကို ကိုင်နေယင်း ပြောပါသည်။

"အေး…ဆင်အသက်ရှည်ပုံက အနှစ်တစ်ရာကျော်တောင် မကဘူးတဲ့ကွ။ ဘူနိုင်းတို့ ငယ်ငယ်တုန်းက ဒီပဲခူးရိုးမတောထဲမှာ ဘိုးတော်မင်းတရားကြီးရဲ့ဆင်ဖြူတော်တစ်စီးဟာ ယခုတိုင် ဆင်အပေါင်းခြံရံပြီး ကျက်စားနေသေးတယ်လို့ အဘိုးအဘတွေက ပြောသံကြားဖူး တယ်။ ဆင်ဆိုတာ လူနှင့်အမူအကျင့် အနေအထားတွေ တူလို့ ဆင်လို့ခေါ်တာပေါ့။ ဆင်ဟာ ရှက်စရာပြောယင် ရှက်တတ်တယ်။ သားငယ် နို့တိုက်တာတောင် လူရှေ့သူရှေ့မှာ နို့မတိုက်ဘူး။ လူသူကွယ်ထောင့်မှာ နို့တိုက်တာ၊ အရွယ်ရောက်တာလဲ လူအသက် ၁၈နှစ်မှာ ရောက်သလို ဆင်လဲ ၁၈ နှစ်မှာ အရွယ်ရောက်တယ်"

ရှမ်းအဘိုးကြီးမှာ ဆေးမှုန့်များကို စစ်ပဝါထဲသို့ လောင်းချယင်း ပြောနေပါသည်။

"ဆင်တုံးမနွယ်က ဘယ်လိုဆက်စပ်လို့လဲ ဘူနိုင်းရဲ

ကျွန်တော်က ဆက်မေးပြန်သည်။

ebook is created by www.ShweYoma.Org

ဒီလိုကွဲ။ ပညာရှာ ဓာတ်ပါဆိုသလို ဆင်၏အာနိသင်လို ဆေးပင်ကလဲ အာနိသင် အကျိုးရှိလို့ အမည်ပေးကြတာပေါ့။ အမှန်က ဆင်သမန္တယ်ဆိုတာ ပိုပြီးအဓိပ္ပါယ်ရှိတယ်။ ဆင်၏အသွားနှင့်တူနွယ်တယ်။ ဆင်နှာမောင်းလိုပဲ အပင်များကို နွယ်တတ်တဲ့သဘောပေါ့"

ဘူနိုင်းသည် စစ်ပဝါထဲမှကျန်နေသော ဆေးအဖြူးများကို ဆုံထဲသို့ထည့်ယင်းပြော ပါသည်။

"ဟုတ်ကဲ့...ဘူနိုင်းရယ် ဆေးအကျိုးလဲ ဆက်ပြီးမိန့်ပါဦး"

ကျွန်တော်က ထပ်မေးလိုက်သည်။

"အေး...ဆင်တုံးမန္တယ်ကို ပါးပါးလှီးပြီး အရိပ်ထဲမှာ ခြောက်အောင်ထား။ နေပူထဲမှာ လှမ်းယင် အခိုးတွေ ပြယ်ကုန်တတ်တယ်။ ဒါကြောင့် နေပူခံပြီး အခြောက်မလှမ်းတာ ကောင်းတယ်။ ပြီးတော့ ဆုံထဲမှာ ညက်မှုန့်အောင်ထောင်း ဆေးမှုန့်များကို ပျားရည်နဲ့တေပြီး စားရတယ်။ တစ်နေ့လျှင် ဆီးစေ့ခန့် သို့မဟုတ် ဆီးဖြူသီးလုံးခန့် နံနက် ညတစ်ကြိမ်စီ စားသုံးရတယ်။ အချို့ကတော့ ပျားရည်နဲ့တေပြီး ဆေးလုံးအဖြစ် လုပ်ထားကြတယ်။ အချို့က ရိုးရိုးပဲ ပျားရည်ရောစားကြတယ်။ အရသာကတော့ ခါးတယ်။ ခါးတာမှ သိပ်ခါးတာ အစိုင်းရဲ့။ ခါးလို့လဲ လေနိုင်တာပေါ့။ အသက်ကြီးသူများ အသက် ၄၀ ကျော်အရွယ်က စစားသင့်တယ်လို့ ရှေးသမားတော်ကြီးများက မိန့်မှာဖူးတယ်"

ရှမ်းအဘိုးအိုသည် ဆေးထောင်းနေသည်ကို ရပ်၍ အနီးရှိ ဖန်ဗူးတစ်လုံးကို လှမ်းယူလိုက်သည်။

"ရော့...အဲဒါ...ဆင်တုံးမန္တယ် ရသာယနဆေးပဲ"

ကျွန်တော့်အား ဖန်ဗူးကို ဖွင့်၍ ဆေးလုံးလေးများကို ထုတ်ပြပါသည်။ ဆေးလုံးလေး များသည် အနက်ရောင် အညိုရောင်ဖြစ်ပြီး ပျားရည်နံ့သင်း၍ စားချင်စဖွယ်ဖြစ်ပါသည်။

"အချို့ပျားရည်မရှိယင်လဲ ထန်းလျက်နဲ့တေပြီး စားရင်လဲ ကောင်းတာပါပဲ၊ ပျား ရည်နဲ့က အကောင်းဆုံးပေါ့။ ပျားရည်မလွယ်ရင် ထန်းလျက်နဲ့ပဲ အများအားဖြင့် လွယ်လွယ် စားသုံးကြတယ်။ ပျားရည်ဆိုရာမှာလဲ တစ်နှစ်အတွင်း ရရှိထားတဲ့ပျားရည်မှကောင်းတယ်။ ပျားရည်ဟာ တစ်နှစ်ကျော်သွားရင် အာနိသင်လျော့သွားလေ့ရှိတယ်ကွအစိုင်းရဲ့၊ အချို့ကလဲ တို့တောအရပ်မှာ ထန်းလျက်တောင် လွယ်ချင်မှလွယ်တာ၊ ဆင်တုံးမန္တယ်အမှုန့်ကိုပဲ ဆား ကလေးနည်းနည်းထည့်ပြီး သောက်သွားတတ်ကြတယ်"

ရှမ်းအဘိုးသည် ပျားရည်၏သတ္တိနှင့်ဆေးသောက်နည်းကို ရှင်းပြပါသည်။

ရှမ်းအဘွားကြီးအနိုင်းသည် ကျွန်တော်တို့ စကားပြောနေသည့်နေရာသို့ကောက်ညှင်း ပေါင်းတစ်ပွဲနှင့်ကြံသကာတစ်ပွဲ လာချပါသည်။

"အစိုင်း...ကျင်"

ကျွန်တော့်ကို စားပါဟုပြောပါသည်။

“ဖကျင်ခိုက်…အနိုင်း”

မစားချင်ပါဘူး အဘွားဟုပြန်ပြောပါသည်။

“ဘာပြုလဲအစိုင်း…စားပါ၊ အနိုင်းဆေးပေးပါ့မယ်၊ ရင်မပြည့်ပါဘူး”ဟုဆို၍ ကျွန်တော်လည်း ကောက်ညှင်းပေါင်းနှင့်ကြံသကာကိုစားပါသည်။

“ဆက်ပြောပါဦး ဘူနိုင်း”

ကျွန်တော်က စကားဆက်ပြန်သည်။

“ဆင်တုံးမနွယ်ဆေးဟာ ခါးသလောက် လူ့ခန္ဓာကိုယ်ကို အကျိုးပြုတယ်။ ဆီး၊ ဝမ်း၊ အကြောနှင့်လေနိုင်တယ်။ ဒါကြောင့် လေငန်းရောဂါကို ကာကွယ်တယ်။ သက်ကြီးရွယ်အိုများအတွက် မိတ်ဖက် ဓာတ်ဖက်ပေါ့။ အသွောင်းအညာ အကိုက်အခဲလဲ သိပ်စွမ်းတယ်”

ရှမ်းအဘိုးသည် လက်ဖက်ရည်ကြမ်းပန်းကန်ကို ငုံ့ပြီးသောက်နေသည်။ သူ၏ဆေးနွယ်ဆေးမြစ်များဆီသို့ကြည့်လျက် စဉ်းစား၍ ခဏစကားရပ်သွားသည်။ ကျွန်တော်ကလည်း ကောက်ညှင်းပေါင်းကို ကြံသကာနှင့်စားနေသည်။ ပျော့ပျောင်း၍ ကောင်းလိုက်သည့်ဖြစ်ခြင်း၊ အရသာရှိပါဘိ။

“ဒါသာ မဟုတ်သေးဘူး၊ ဒဏ်တွေ ဘာတွေဖြစ်ယင်လဲ ထုထောင်းပြီးအုံပေး။ အရည်လိမ်းပေးရတယ်။ ထိခိုက်ဒဏ်ရာရလို့ ကိုက်ခဲအောင့်အည်းတာမှာသိပ်ကောင်းတယ်။ အစိုင်းမှတ်ထား၊ လူသာ မဟုတ်သေးဘူးကွ၊ ကျွဲများ နွားများလဲ လျှာနာ ခွာနာဖြစ်ယင် ကြိတ်ပြီး ရေစိမ်တိုက်ရတယ်။ ဆားနဲ့နယ်ပြီး နွားကျောပေါ်တင်ပေး ပွတ်ပေးရတယ်။ ကျွဲနွားများကို ဆင်တုံးမနွယ် ရေစိမ်အမြဲတိုက်ယင် အကောင်းဆုံးပဲလို့ တို့တောသူတောင်သားတွေ အစဉ်အလာရှိတယ် အစိုင်းရဲ့”

ဘူနိုင်းသည် သူ၏ကြေးကွမ်းအစ်ကလေးထဲမှ ကွမ်းကို ယာယင်း ပြောပြနေရှာပါသည်။

ကျွန်တော်လည်း အနိုင်းကျွေးသော ကောက်ညှင်းပေါင်းကို စား၍ ကောင်းကောင်းနှင့်ဆက်၍ တမြို့မြို့စားနေမိပါသည်။

“ဆင်တုံးမနွယ်ကို ပျားရည်နဲ့စားတာ ဘာပြုလို့ ပိုကောင်းတာလဲ ဘူနိုင်း”

ကျွန်တော်က ပျားရည်အကြောင်း မေးပြန်ပါသည်။

“ပျားရည်ဆိုတာ ပန်းပေါင်းလို့ ဆေးလောကမှာ ခေါ်ကြတယ်။ ပန်းပေါင်းစုံကဝတ်ရည်အရသာတွေ စုဆောင်းပြီး နေနဲ့ချက်ထားတာဖြစ်တယ်။ ရသာစုံတော့ အကျိုးမျိုးစုံသိဒ္ဓိပြီးတာပေါ့။ ပျားတောင်မှ မြေတွင်းအောင်းပျား၊ သစ်ခေါင်းပျား၊ စွဲပျားလို့ရှိကြတယ်။ အားလုံး ထက်မြက်တာချည်းပဲ။ ဒါပေမယ့် သစ်ပင်မှာစွဲပြီး နေရောင်ရတဲ့ပျားက ပိုထက်တယ်။ အောင်းပျားကတော့ အခိုးပြင်းတယ်”

ဟုတ်ပေသည်။ ဘူနိုင်းပြောမှပဲ သိရတော့သည်။ မှန်ပေသည်။ ရာသီဥတု၊

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

အပူ အအေး၊ နေရာဒေသလိုက်၍ ပြောင်းလဲတတ်သည်ကား လက်ခံရပေမည်။ ရှမ်းအဘိုးသည် ကွမ်းမြုံ့နေရင်း တောင်တန်းပြာကြီးဘက်သို့ လှမ်းမျှော်ကြည့်နေသည်။

ကျွန်တော်က ကောက်ညှင်းပေါင်းစားပြီး၍ လက်သုတ်နေသောအခါ အနိုင်းရှမ်းအဘွားသည် အနားသို့ရောက်လာသည်။

"ဟဲ့...အစိုင်း၊ ကျင်နမ့်"

အစိုင်း...ရေသောက်လိုက်ဆို၍ ရေကြည်တစ်ခွက် အပြည့်လာပေးပါသည်။ ကျွန်တော်ကလည်း ရေကြည်ကို အဝသောက်ချလိုက်ပါသည်။

"အဲဒါ တို့ရှမ်းဆေးပေါ့ အစိုင်းရဲ့"

အဘွားကြီးက ထပ်ရှင်းပြပါသည်။ ဟုတ်ပေသည်။ ကောက်ညှင်းမှာ ရှမ်းအမျိုးသားတို့၏မူရင်းမွေးရာပါ အာဟာရဖြစ်သည်။ ထမင်းသဖွယ် စားတတ်ကြသည်။ သွားရည်စာအဖြစ် အဆာပြေအဖြစ်၊ ထမင်းဝိုင်းအဖြစ် စားလေ့ရှိသည်။ ကောက်ညှင်းစား၍ ရှမ်းအမျိုးသားများ ရင်ပြည့်ရင်ကယ် အစာမကြေရောဂါမဖြစ်တတ်ပါ။ အဘယ့်ကြောင့်နည်း။ သူတို့အစာနှင့်သူတို့ဆေး ရောဂါကင်းဝေး ပြေးစေခဲ့ခြင်းကြောင့်တည်း။ ထိုဆေးကာ ရေပင်ဖြစ်သည်။ ကောက်ညှင်းစားပြီးလျှင် ရေအဝသောက်ခြင်းတည်း။ တစ်ကယ်မှန်လှ၏။ ကောက်ညှင်းသည် အစေးအဖွဲ့ဖြစ်သည်။ ရေသည် အကျေအပျက်ကို စွမ်းသည်။ သို့ကြောင့် ကောက်ညှင်းကို ရေက ကျေချက်၍ပေးသည်။ အစာကြေပြီး အကျိုးပေးလေသည်။

"ဘူနိုင်း...ပျားရည်နဲ့ဆင်သမန္တယ်ကို ဆက်ပြောပါဦး"

ကျွန်တော်က စကားဆက်တောင်းသည်။

"အေး...တို့ရှေးစာဆိုရှိတယ်...အစိုင်း၊ ဆင်သမန္တယ်ပန်းပေါင်းနဲ့နယ်၊ အသက်ရှည်စေလို၊ ဆင်တုံးကို မျိုသတဲ့ကွ"

အဘိုးက ရွတ်ပြသည်။

"ဘူနိုင်းကလဲ...အစိုင်းတို့ကြားဖူးတာက အသက်ရှည်စေလို နဂါးခေါင်းနဲ့ပန်းပေါင်းကို မျိုလို့ပဲ ကြားဖူးပါတယ်"

"အဲဒါလဲ၊ တစ်မျိုးမှန်တာပေါ့၊ တို့ရှမ်းမှာတော့ ဆင်တုံးကို မျိုပဲ။ ဆင်ဟာ သတ္တဝါထဲမှာ ခွန်အားကြီးသလို သူ့ဆေးပင်ကလဲ ခွန်အားသတ္တိကြီးမားတယ်အစိုင်းရဲ့။ ဒါကြောင့် ဆေးပညာလောကအဆိုအရ အသက်ကြီးယင် ဆင်စီးတဲ့။ တစ်ကယ့်ဆင်ကြီးကို စီးရတာ မဟုတ်ဘူး။ ဆင်တုံးမန္တယ်ဆေးပင်ကို စီးခိုင်းတာအစိုင်း။ ဆေးဆင်ကို ဉာဏ်ရှိသလို သုံးယင် လောကမှာ အသက်ရှည်ပြီး လောကကြီးရဲ့အကျိုးကို သယ်ပိုးနိုင်တယ်။ အစိုင်းလဲ အသက်ရှည်ရာ အနာမဲ့ကြောင်း ဖြစ်ချင်ယင် ဘူနိုင်းတို့လိုပဲ လုပ်ပေါ့ကွာ..."

ရှမ်းအဘိုးက ကွမ်းတမြုံ့မြုံ့ ဝါးလျက် ပြောနေပါသည်။

ဆွမ်းတော်ဗျို့...ဟူသောအသံကို ကြားတော့မှ ကျွန်တော်သည် ရှမ်းအဘိုးဦးဒေဝိန်

နှင့်စကားလက်ဆုံကျနေသည်မှာ  အချိန်ကြာညောင်းသွားပြီဟုသိမိလိုက်သည်။

"ကဲ...ဘုန်းရေ...ကျေးဇူးတင်ပါတယ်။ ရွာဖျားက ပိန်နန်းတို့အိမ်ဘက်ကို သွားလိုက်ဦးမယ်၊ နောက်လဲ လာခဲ့ဦးမယ်ဘုန်း..."

ကျွန်တော်သည် နေမြင့်ပြီဖြစ်၍ နှုတ်ဆက်ကာ ရှမ်းအဘိုးဦးဒေဝိန်၏ဆေးဆင်စခန်းမှ ထွက်ခွာလာခဲ့ပါတော့သည်။

ebook is created by www.ShweYoma.Org

သုံးဆယ်ထိဋ္ဌတင်မြင့်

မှတ်ချက်။ ။၁၉၈၃ ခုနှစ်၊ အမှတ်(၄၅၀)၊ ဇွန်လထုတ် သွေးသောက်မဂ္ဂဇင်း၊ စာမျက်နှာ(၁၀၉ မှ ၁၁၁)ထိလာသော ဆောင်းပါးကို ပြန်လည်၍စာစီရိုက်ထားခြင်း ဖြစ်ပါသည်။